
ဇေယနု
(ရာမည)
အောင်မြတ်သာနှင့်
စမထွက်လမ်း

## အောင်မြတ်သာနှင့်စမထွက်လမ်း

"ပွမ် ပွမ် ပွမ်"

ရုတ်တရက် ကျယ်လောင်စွာ ထွက်ပေါ်လာတဲ့ ဟီးနိုးကားသံကြောင့် လမ်းဘေး သစ်ပင်အောက်မှာ ကားစောင့်နေတဲ့ လူသုံးယောက် လှုပ်လှုပ်ရှားရှားဖြစ်သွားတယ်။

"ရပ်ပါဦးဗျို့"

သစ်ပင်အောက်ကလူရဲ့စကားကြောင့် ဂျုံးဂျုံးဂျက်ဂျက် မြည်နေတဲ့ ဟီးနိုးကားဆီကနေ ဘရိပ်အုပ်သံ တစ်ချက် ထွက်ပေါ်လာခဲ့တယ်။

"ကိုယ့်ဆရာတွေ ဘယ်ကိုသွားကြမှာလဲ"

"ကျွဲလူးရွာဘက်ကို သွားမလို့ဗျ နေရာလေးရရင် လိုက်ချင်ပါတယ်"

"နေရာတော့ရတယ် နည်းနည်းတော့ ကြပ်မယ်နော် သည်းခံပြီး စီးရင်တော့ တက်ခဲ့ကြဗျာ"

ကားဆရာရဲ့ စကားကြောင့် သစ်ပင်အောက်မှာ ရပ်နေတဲ့လူသုံးယောက်က ကားပေါ် တိုးတက်လိုက်တဲ့အချိန် ...

"ရပြီ ကားဆရာရေ မောင်းသာမောင်း"ဆိုပြီး အော်လိုက်တဲ့စပယ်ရာရဲ့ အသံအဆုံးမှာ ဟီးနိုးကားစက်နှိုးတဲ့ အသံကို ကြားလိုက်ရတယ်။

"တက်တူးကုန်းပါလား ကျွန်းစင်ရွာပါလား အိပ်ပျော်မနေကြနဲ့နော် ကိုယ်ဆင်းမဲ့ ရွာနာမည်ကို မပြောရင် ရောက်တဲ့နေရာမှာသာဆင်းကြ"

ကားစပယ်ရာက ကွမ်းတပြစ်ပြစ်ဝါးရင်း အကြွေစေ့တွေကို ရေတွက်ကာ

ခရီးစဉ်ကို လှမ်းမေးလိုက်တယ်။

"ဒီကညီလေး အကိုတို့က ကျွဲလူးမှာဆင်းမှာနော်"

ကားစပယ်ရာက ပိုက်ဆံရေတွက်နေရင်း ကျွဲလူးဆိုတဲ့ အသံကြောင့် ခေါင်းကို မော့ကြည့်လိုက်ပြီး ...

"ဒီကအစ်ကိုတွေက ကျွဲလူးမှာ ဆင်းမယ်ဆိုရင် ရွာထဲတော့မရောက်ဘူး ကားလမ်းမဘေးမှာပဲ ချပေးလို့ရမှာ အထဲကိုတော့ တစ်နာရီကျော်ကျော် လောက်တော့ လမ်းလျှောက်ရတယ်နော်"

"ရပါတယ်ညီလေးရာ ရွာလမ်းမဘေးမှာသာ ချပေးပါ"

"ဒါဆို အေးဆေးနေလိုက်ဦး ကျွဲလူးက နောက်တစ်နာရီခွဲလောက်မှ ရောက်မှာ ရောက်ခါနီးဆိုရင် ကျွန်တော်အော်ပေးမယ်"

ကားစပယ်ရာရဲ့ စကားကြောင့် ဝါးခမောက်ဆောင်းထားတဲ့ လူကြီးက စိတ်ချစွာဖြင့် ကားနံရံကိုမှီကာ လှဲလျှလိုက်တယ်။ လူကြီးနှစ်ယောက်က စိတ်ချလက်ချစွာဖြင့် မှေးနေတဲ့အချိန် သျှောင်ပေစူးနဲ့လူငယ်က ကား ဖြတ်သန်းသွားရာ ဘေးပတ်လည်ရှိ ရှုခင်းတွေကို ငေးကာ လိုက်ပါလာခဲ့ တယ်။

ဖွတ်ချက်ဖွတ်ချက်နဲ့ တဖြည်းဖြည်း ခရီးဆက်လာခဲ့တာ ကားပေါ်မှာရှိတဲ့ လူတွေအားလုံး ကုန်သလောက် ဖြစ်သွားခဲ့တယ်။

"ကျွဲလူးရွာ ဆင်းမဲ့ အစ်ကိုတွေ အရှေ့တစ်ပြလောက်ဆို ရောက်ပြီနော် ကိုယ့်ပစ္စည်းတွေ စုံမစုံစစ်ထားပါ နောက်မှ ပျောက်တယ်ရှတယ်ဆိုရင် ကျွန်တော်တို့လည်း မကောင်းဘူး"

ကွမ်းဝါးနေရင်း အော်ပြောလိုက်တဲ့ ကားစပယ်ရာရဲ့ စကားကြောင့် ဝါး ခမောက်ကို မျက်နှာပေါ်တင်ကာ အိပ်ပျော်နေတဲ့ လူနှစ်ယောက်နိုးလာပြီး

...

"ပစ္စည်းကတော့ လွယ်အိတ်တစ်လုံးပဲပါတယ် ငါ့ညီရေ ဒါကြောင့် ထွေထွေထူးထူး စစ်စရာကိုမလိုတာ"

"ရှေ့ဇီးပင်အောက်မှာရပ်မယ် ဆရာရေ"

စပယ်သံ မဆုံးခင်မှာဘဲ နှစ်ပေါင်းများစွာ မတိုက်ချွတ်ထားတဲ့ ဘရိတ်အသံက ကျယ်လောင်စွာ ထွက်ပေါ်လာခဲ့တယ်။

"ကားခက သုံးယောက်စာ ပြားခြောက်ဆယ်ကျတယ်"

"ဒီမှာ တစ်ကျပ် ပြန်မအမ်းနဲ့တော့"

ကားစပယ်ရာလည်း ပိုနေတဲ့ ပြားလေးဆယ်ကို အိတ်ကပ်ထဲ အသာထည့်လိုက်ပြီး ...

"ဆွဲ ဆရာရေ ဂိတ်ဆုံးထိ ဆင်းသူမရှိတော့ဘူး" လို့ပြောကာ ကားပေါ်က ဆင်းသွားတဲ့ လူသုံးယောက်ကို လက်ပြနှုတ်ဆက်ကာ ထွက်ခွာသွားခဲ့တယ်။

ကားပေါ်ကဆင်းလာတဲ့ လူသုံးယောက်လည်း ချစ်ချစ်တောက်ပူကျစ်နေတဲ့ နေအပူရှိန်ကြောင့် ကားလမ်းမဘေးမှာ ပေါက်နေတဲ့ ဆီးပင်အောက်မှာ ခဏဝင်နားလိုက်ပြီး ...

"ကျွဲလူးရွာကို ရောက်ဖို့က အတော်လိုသေးတာပဲ တောက်ရရေ လွယ်အိတ်ထဲ ရေဘူးရှိသေးရင် ပေးစမ်းပါဦး"

"ရေကတော့ ဒါအကုန်ပဲဆရာ"

တောက်ရကမ်းပေးတဲ့ ရေဘူးအဖုံးကိုဖွင့်ကို တစ်ကျိုက်မော့ချလိုက်ပြီး ...

"ဟိုကောင်လေး ရေသောက်ဦးမလား"

"မသောက်တော့ဘူး ဦးကြီး"

"မင်းပုံစံက ငါတို့ကိုကြောက်နေသလိုပဲ ဘာလဲ ငါတို့က လူမိုက်ရပ်တွေဖြစ်နေလို့လား"

"အဲဒီလိုလည်း မဟုတ်ပါဘူး ကျွန်တော်က ဦးကြီးတို့နဲ့ လိုက်သာလာခဲ့တာ ဘယ်သွားမယ် ဘာလုပ်မယ်ဆိုတာလဲ မသိရသေးဘူး"

"ဟားဟား မင်းကဒါကြောင့် စိတ်ပူနေတာကိုး အခုခဏနားတဲ့အချိန် ဘာလုပ်ရမယ်ဆိုတာ ပြောပြမယ် မင်းနာမည်က မောင်စမဟုတ်တယ်နော်"

"ဟုတ်ပါတယ် ကျွန်တော်နာမည်မောင်စမပါ"

"မကြာသေးခင်က အရမ်းထူးဆန်း အံ့ဩဖို့ကောင်းတဲ့ တောထဲကို မင်းရောက်သွားတယ်လို့သိရတယ် တောထဲမှာ ဆရာတော်တစ်ပါးက မင်းရဲ့လက်ဖဝါးကို သူ့လက်ဖဝါးနဲ့ထပ်ပြီး ပညာတွေပေးလိုက်တာ တကယ်လား"

"ဟုတ်တယ်ဗျ ဆရာတော်က အဲဒီလိုတော့ လုပ်ပေးလိုက်တာပဲ"

"မင်းကအတော်ကံထူးတဲ့ ကောင်လေးပဲ ဒါနဲ့မင်းကိုခေါ်သွားတဲ့ လူရဲ့အကြောင်းကိုသိလား"

"ဟအင်း ဦးဦးက ကျွန်တော်ကိုဘာမှမပြောဘူး"

"ဒါဆိုရင် အခုမင်းမှတ်ထားဖို့ လိုတယ် မင်းကိုခေါ်သွားတဲ့ လူရဲ့နာမည်က အောင်မြတ်သာလို့ ခေါ်တယ် သူ့ရဲ့ပညာအစွမ်းက ခန့်မှန်းလို့မရအောင် တော်တယ် မင်းကို လက်ဝါးချင်း ထပ်ပညာပေးလိုက်တဲ့ ဆရာတော်ဘွဲ့နာမည်က ဦးခန္တာဇောတိလို့ခေါ်တယ် အင်းတော်ကြီးဂိုဏ်းကို စတင်ထူထောင်ခဲ့တဲ့ ဥပဇ္ဈာယ်ဆရာတော်ဆိုလဲဟုတ်တယ်"

"ဦးကြီးတို့က ဘာလို့ အကုန်သိနေကြတာလဲ မဟုတ်မှလွဲရော ဦးကြီးတို့

လဲ ဒီဆရာတော်ရဲ့ တပည့်တွေလား"

"ဟုတ်တယ် ငါတို့က မင်းလောက်ပါရမီမပါတော့ ဆရာတော်ကြီးရဲ့ ကိုယ်မှန်အစစ်ကို မဖူးမြင်ရသေးဘူး ဒါပေမဲ့ မင်းနဲ့မတွေ့ခင်အချိန်ထိ ဆရာအောင်မြတ်သာရဲ့ နောက်ကနေလိုက်ပြီး မကောင်းသူတွေကိုပယ် ကောင်းသူတွေကို ကယ်တင်ခဲ့တာ နှစ်ပေါင်းအတော်ကြာရောပေါ့"

"သြော် ဒါကြောင့် ဦးကြီးတို့က ကျွန်တော့်ကို လိုက်ခဲ့ဖို့ ခေါ်လာတာကိုး အခုသွားမဲ့ ရွာမှာ ဦးကြီးတို့ အသိတွေရှိလို့လား"

"အသိတွေတော့ရှိတယ် ဒါပေမဲ့ ကောင်းမွန်စွာ ဧည့်ဝတ်ပြုမဲ့ အသိတွေ တော့ မဟုတ်ဘူးပေါ့ကွာ ဒီရွာမှာ မင်းရဲ့အစွမ်းအစကို ထုတ်ပြရမယ် ငါတို့ က အဖော်အနေနဲ့ပဲ လိုက်လာတာ မင်းကို ဘာမှကူညီမှာမဟုတ်ဘူး ဒါ ကြောင့် ရွာထဲကိုဝင်တာနဲ့ တစ်စုံတစ်ခုမကြားရ မမြင်ရဘဲ ဘယ်အရာကိုမှ မထိမကိုင်မိစေနဲ့"

"မထိနဲ့မကိုင်နဲ့ဆိုတော့ မကိုင်ဘူးပေါ့ဗျာ အခုနေတောင်စောင်းပြီ ဆို တော့ ခရီးဆက်ကြတော့မလား"

မောင်စမစကားကြောင့် တောက်ရက ကောင်းကင်ကို မော့ကြည့်လိုက်ပြီး ...

"အခုချိန်လောက်သွားရင် နေမဝင်ခင် ရွာကိုရောက်နိုင်တယ် ကဲ မောင်စ မရဲ့ ပထမခြေလှမ်းကိုဒီကနေ စနင်းကြတာပေါ့" လို့ရေရွတ်ကာ ဆီးပင် အောက်ကနေ တစ်လှမ်းချင်း ထွက်ခွာသွားခဲ့တယ်။

လယ်ကန်သင်းရိုးတွေ ရိုးပြတ်တောတွေ ရွာငယ်လေးတွေကို ဖြတ်ကျော် လာခဲ့ပြီးတဲ့နောက်မှာတော့ ကျွဲလူးရွာရဲ့အစပ်ကိုရောက်လာခဲ့တယ်။ ရွာ နယ်နမိတ်အစပ်ကို ရောက်တော့ အရှေ့ကနေ တက်ကြွစွာသွားနေတဲ့

မောင်စမရဲ့ ကျောကအင်္ကျီကော်လံစကို တစ်စုံတစ်ယောက်က ဆွဲထား သလိုဖြစ်ပြီး ဆက်သွားလို့ မရတော့တဲ့အတွက် အနောက်လှည့်ကြည့်လိုက် ရာ ဘယ်သူ့ကိုမှမတွေ့ရပဲ မလှမ်းမကမ်းမှာ လက်ပိုက်လျက် အနေအထား နဲ့ရပ်နေတဲ့ သက်ခိုင်နဲ့ တောက်ရကိုသာ တွေ့လိုက်ရတယ်။

မောင်စမက စိတ်ထဲထင်တာ ဖြစ်မယ်ဆိုပြီး ဆက်သွားဖို့ ပြင်လိုက်ပေမဲ့ ခြေထောက်တွေက အရှေ့ကို ဆက်မသွားဘဲ လက်ရှိရပ်နေတဲ့ နေရာမှာသာ ရပ်နေတာကို ခံစားလိုက်ရတယ်။ အဲဒီအချိန် နားစည်ထဲမှာ မခံမရပ်နိုင် လောက်တဲ့ အော်သံတစ်ချက်ကြားလိုက်ရတယ်။

အလွန်စူးရှတဲ့အသံကြောင့် မတ်တတ်ရပ်နေတဲ့ မောင်စမတစ်ယောက် ဆောင့်ကြောင့်ထိုင်ချလိုက်ပြီး လက်နှစ်ဖက်နဲ့ နားစည်ကိုပိတ်ထားရတဲ့ အထိ ဖြစ်သွားခဲ့တယ်။ မိနစ်အနည်းငယ်ကြာတော့ နားစည်ထဲမှာကြားနေ ရတဲ့ စူးရှရှအော်သံ ပျောက်သွားပြီး ...

"ဘယ်ရွာမဆို ရွာထဲကိုမဝင်ခင် ရွာစောင့်နတ်တွေကို အရင်အသိပေးရ တယ် ဒါမှသာ သူတို့က လိုအပ်တဲ့ အကူအညီတွေပေးကြလိမ့်မယ်"ဆိုတဲ့ အသံတစ်ခုကို ကြားလိုက်ရတယ်။

"ဦးကြီး ဦးကြီးတို့ကြားလား နားထဲမှာ လာပြောတဲ့ အသံတစ်ခု ကြားလိုက်လား"

မောင်စမရဲ့ဝမ်းသာအားရ ပြောသံကြောင့် သက်ခိုင်နဲ့တောက်ရက ...

"မင်းကိုလာပြောတာ ငါတို့ကဘယ်လိုကြားရမှာလဲ"

"ဆီးပင်အောက်မှာ ဦးကြီးတို့ ပြောသေးတယ်လေ ကျွန်တော်ကို တောကြီးထဲခေါ်သွားတဲ့ ဦးဦးအသံကို ကြားရတာ"

"မင်းကြားရတဲ့အတိုင်း ဆက်လုပ်ပါ ဒီလိုအခြေအနေမျိုးမှာ မင်း

ကိုယ်တိုင် လုပ်ဆောင်ဖို့လိုတယ် ငါတို့ရှိတယ်လို့ သဘောမထားဘဲ ကိုယ့်သဘောအတိုင်း ဆက်လုပ်ပါ"

သက်ခိုင်နဲ့ တောက်ရစကားကြောင့် မောင်စမက ရွာဘက်ကိုလှည့်လိုက်ပြီး

"ဒီရွာမှာ စောင့်ရှောက်တဲ့သူများရှိပါက ကျွန်တော့်ကို ဝင်ခွင့်ပြုပါ ကျွန်တော် ဒီရွာကိုလာတာက လူတွေကို ဒုက္ခပေးဖို့မဟုတ်ပါဘူး"လို့ပြောလိုက်တဲ့အချိန် ...

"မောင်စမ မင်းကို လက်ဝါးချင်းထပ် ပညာပေးခဲ့တဲ့ လက်ပေါ်မှာ ခြောက်ကွက်အင်းကိုဆွဲပြီး မျက်လုံးကိုပွတ်လိုက်"ဆိုတဲ့အသံကိုကြားလိုက်ရတယ်။

မောင်စမလဲ အသံကြားတာနဲ့ လက်ဖဝါးပေါ်မှာ ခြောက်ကွက်အင်းကိုဆွဲပြီး မျက်လုံးနှစ်ဖက်ကို ပွတ်လိုက်တဲ့အချိန် လင်းခနဲလက်ခနဲ ဖြစ်သွားပြီး ပတ်ဝန်းကျင်တစ်ခုလုံး ဘာမှမမြင် ဖြစ်သွားခဲ့တယ်။

"မျက်လုံးကို ခဏမှိတ်ထား ရုတ်တရက် မဖွင့်လိုက်နဲ့ဦး စူးရှတဲ့အလင်းရောင်တွေ ပျောက်သွားမှ ဖြည်းဖြည်းချင်း ပြန်ဖွင့်ပါ"

မောင်စမလည်း နားစည်ထဲမှာ တစ်လုံးချင်းကြားလိုက်ရတဲ့အသံကြောင့် မျက်လုံးကို ရုတ်တရက် မဖွင့်သေးဘဲ စူးရှရှအလင်းရောင်တွေ ပျောက်သွားတဲ့ အချိန်ကို စောင့်နေခဲ့လိုက်တယ်။ အချိန်အနည်းငယ်ကြာတော့ စူးရှရှအလင်းရောင်တန်းတွေ တဖြည်းဖြည်းချင်း ပျောက်ကွယ် သွားတဲ့အချိန် ...

"ဆရာလေး အဆင်ပြေရဲ့လား ကျုပ်က ဒီရွာစောင့်နတ်ပါ"ဆိုတဲ့အသံကိုကြားလိုက်ရတယ်။ မောင်စမလဲ ရုတ်တရက် ကြားလိုက်ရတဲ့ အသံကြောင့် မျက်လုံးကို အသာဖွင့်ကြည့်လိုက်တဲ့အချိန် လုံချည်ကို ခါးတောင်းကျိုက်ထားပြီး လေးခွတစ်လက်ကို ကိုင်ဆောင်ထားတဲ့ လူငယ်တစ်ယောက်ကို

တွေ့လိုက်ရတယ်။

ကြည်လင်ရှင်းသန့်နေတဲ့ ရုပ်ရည်အပြင် သျောင်တစ်စောင်းကို သေသပ်ကျနစွာ ထုံးထားတာကိုမြင်တော့ မောင်စမက ...

"ဒီကအစ်ကိုက ရွာစောင့်နတ်လား"

"ဟုတ်ပါတယ်ဆရာလေး ကျုပ်က ဒီရွာစောင့်နတ်ပါ ရွာအဝင်ဝမှာ ကျုပ်ရဲ့ ဗိမ္မာန်ရှိပါတယ် ဆရာလေးက ရွာထဲဝင်ခွင့်တောင်းတဲ့ အသံကြောင့် ခရီးဦးထွက်ကြိုတာပါ"

မောင်စမလဲ တစ်ခါမှမမြင်ဖူး မကြုံဘူးတဲ့ အတွေ့အကြုံကြောင့် အနောက်မှာရှိနေတဲ့ သက်ခိုင်နဲ့ တောက်ရတို့ကို လှမ်းကြည့်လိုက်တယ်။

"ဘယ်လိုလဲ မောင်စမ အမြင်တွေ အကြားတွေ ပွင့်ထွက်ကုန်ပြီ မဟုတ်လား"

"ကျွန်တော်ဖြင့် အံ့သြလွန်းလို့ ဘာပြောရမှန်းတောင် မသိတော့ဘူး အခု ကျွန်တော် ဘာဆက်လုပ်ရမလဲ"

"မင်းကို ဘာလုပ်ရမယ်ဆိုတာ ငါတို့ညွှန်ကြားလို့မရဘူး အချိန်တန်ရင် မင်းအလိုလို သိလာလိမ့်မယ် ခဏစောင့်ကြည့်ပါဦး"

မောင်စမလဲ သက်ခိုင်စကားကြောင့် ရွာစောင့်နတ်ဘက်ကို လှည့်ပြီး ...

"အစ်ကိုက ဒီရွာစောင့်နတ်ဖြစ်တာ မကြာသေးဘူး ထင်တယ်"

"ဆရာလေးက ဘာဖြစ်လို့ ဒီလိုပြောတာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ အစ်ကိုရဲ့ မျက်နှာအသွင်အပြင် ခန္ဓာကိုယ်အရွယ်အစားက အသက်နှစ်ဆယ်ကျော်လောက်ပဲ ရှိသေးတယ်လို့ ထင်ရတယ်လေ"

"ဟက်ဟက် ဆရာလေး အမြင်အရဆိုရင်တော့ ဟုတ်ပါတယ် ဒါပေမဲ့

ကျုပ်အရင်ဘဝက ဒီအသက်အရွယ်နဲ့ ကွယ်လွန်ခဲ့တာဆိုတော့ အခုချိန်ထိ ဒီအသက်အရွယ်အတိုင်း ရှိနေတာပါ ကျုပ်အသက်အမှန်က အခုဆိုရင် နှစ်ပေါင်း ၈၀ ကျော်ပြီ ဆရာလေး"

"ဟာ အဲဒီလောက်တောင်လား ကျွန်တော်ကငယ်ငယ်ပဲ ရှိသေးတယ်ထင်တာ"

မောင်စမက ဘာလုပ်ရမယ် မသိတဲ့အတွက် ရွာစောင့်နတ်နဲ့ စကားပြောရင်း အချိန်ဖြုန်းနေတဲ့အချိန်

"ခေါင်ရမ်းပန်းအနီရောင် စိုက်ထားတဲ့ အိမ်ကို အရောက်သွားပါ အိမ်ရှေ့ကိုရောက်ရင် ထူးခြားတာ တစ်ခုခုကို မြင်ရလိမ့်မယ်"ဆိုတဲ့အသံကို ကြားလိုက်ရတယ်။

အသံကြားတာနဲ့ မောင်စမလည်း ရွာစောင့်နတ်ကို စကားဖြတ်ကာ ရွာထဲကို ဝင်လာခဲ့လိုက်တယ်။ အနောက်မှာတော့ သက်ခိုင်နဲ့ တောက်ရက မလှမ်းမကမ်းကနေ လိုက်ပါလာခဲ့တယ်။

"ဦးကြီး ရွာထဲမှာ ခေါင်ရမ်းပန်းအနီရောင် စိုက်ထားတဲ့အိမ်ရှိတယ်လို့ ပြောတယ် အဲဒါဘယ်လိုရှာရမလဲ"

မောင်စမစကားကြောင့် တောက်ရက ...

"အလွယ်လေးပါကွာ လမ်းမှာတွေ့တဲ့ သူတစ်ယောက်ယောက်ကို မေးလိုက်ပေါ့"

"ဟုတ်သားပဲဗျ ကျွန်တော်က အဝေးကြီးတွေ လိုက်စဉ်းစားနေတာ ဒီအကြံမဆိုးဘူး"

မောင်စမက တောက်ရပေးတဲ့ အကြံကို လက်ခံလိုက်ပြီး လမ်းပေါ်မှာတွေ့တဲ့ လူတစ်ယောက်ကို လှမ်းမေးလိုက်တယ်။

"ခေါင်ရမ်းပန်းစိုက်ထားတဲ့ အိမ်ကတော့ရှိတယ် ဒါပေမဲ့ အဲဒီအိမ်ထဲကို ဘယ်သူမှမဝင်ရဲဘူး"

"ဘာများဖြစ်လို့လဲဗျ"

"အဲဒီအိမ်က ညဘက်တွေဆို အရမ်းခြောက်တာ အရင်နေခဲ့တဲ့ လူတွေ တောင် ဆွေမျိုးတွေ အိမ်လိုက်နေ နေရတယ် ငါ့တူတို့သွားချင်ရင်တော့ ဒီ ရွာလမ်းမအတိုင်း တည့်တည့်သာသွားရင် ရေနံချေးသုတ်ထားတဲ့ အိမ်တစ် အိမ်တွေ့လိမ့်မယ် အဲဒီအိမ်က ခေါင်ရမ်းပန်းစိုက်ထားတဲ့အိမ်ပဲ"

ပေါက်တူးနဲ့ပေါက်ချွန်းကို ပခုံးပေါ်ထမ်းထားတဲ့ ရွာခံတစ်ယောက်ရဲ့ စကားကြောင့် မောင်စမတို့ ရွာလမ်းမအတိုင်း ဆက်လျှောက်လာခဲ့ကြ တယ်။ ခြေလှမ်းတစ်ရာလောက် လျှောက်ပြီးချိန်မှာတော့ ခြံဝင်းကျယ်ကြီး ထဲမှာ ရေနံချေးဝအောင် သုတ်ထားတဲ့ နှစ်ထပ်အိမ်ကြီးတစ်လုံးကို မြင် လိုက်ရတယ်။ ခြံဝင်းထဲမှာတော့ နီရဲနေအောင် ပွင့်ဝေနေကြတဲ့ ခေါင်ရမ်း ပန်းပင်အချို့ကိုလည်း မြင်လိုက်ကြရတယ်။

မောင်စမလည်း အိမ်မည်းကြီး အရှေ့ကိုရောက်တော့ နှာခေါင်းထဲကို စူး ခနဲဝင်ရောက်လာတဲ့ ပုတ်အဲ့အဲ့ အနံ့တစ်မျိုးကိုရလိုက်တယ်။

"ဟာ ဘာအနံ့ကြီးလဲ ပုတ်စော်နံနေတာပဲ ဦးကြီးတို့ရော အနံ့ရကြလား"

"ဟုတ်တယ် အနံ့ကခြံထဲကနေလာတာ ဘာကြောင့်လဲဆိုတာတော့ မင်း အဖြေရှာရမှာ"

သက်ခိုင်စကားကြောင့် မောင်စမက ခြံအဝကနေ အိမ်ထဲကို လှမ်းကြည့် လိုက်တယ်။

"ဦးကြီး ဦးကြီး အိမ်ခေါင်းရင်းက မြေကြီးထဲမှာ လူတစ်ယောက် သေနေ တယ် ခေါင်းမှာလည်း ရဲဒင်းလိုလို ပုဆိန်လိုလို အရာတစ်ခုစိုက်နေတယ်"

မောင်စမစကားကြောင့် သက်ခိုင်နဲ့ တောက်ရက အိမ်ခေါင်းရင်းဘက်ကို တစ်ချက် ငဲ့ကြည့်လိုက်ပြီး ...

"မင်းစိတ်ထဲမှာ ဘယ်လိုလုပ်ချင်တဲ့ဆန္ဒ ဖြစ်လာလဲ"လို့မေးလိုက်ရာ မောင်စမက ...

"အဲဒီလူကို ဘာလို့မြေကြီးထဲ မြှုပ်ထားရတာလဲ ဒါကသင်္ချိုင်းမှ မဟုတ်တာ ဒါတစ်ယောက်ယောက်က လုပ်ထားတာပဲဖြစ်ရမယ် ဘယ်သူ့ကို မေးရင်ကောင်းမလဲ"ဆိုပြီး စဉ်းစားနေတဲ့အချိန် ...

"ဆရာလေး ဒီအိမ်အကြောင်းကို သိချင်လို့လား" ဆိုတဲ့ အသံကြားလို့ ကြည့်လိုက်တော့ လောက်လေးဂွကိုင်ထားတဲ့ ရွာစောင့်နတ်ကို တွေ့လိုက်ရတယ်။